## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

**၂၀၁၉ ခုနှစ် တရားမအယူခံမှုအမှတ် ၇**

**စမ်းချောင်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၆/၂၀၁၇ တွင် ၂၄-၁-၂၀၁၉ ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်နှင့် ဒီကရီအပေါ် အယူခံတင်သွင်းခြင်း။**

| | | |
|---|---|---|
| ဒေါ်ဆိုင်းမိုင်အောင်<br>(၎င်း၏အခွင့်ရကိုယ်စားလှယ်<br>ဒေါ်ဒေါင်းညွယ်) | နှင့် | (၁) ဦးမြင့်အေး<br>(၂) ဦးနေလင်းအောင် |
| အယူခံတရားလို | | အယူခံတရားပြိုင်များ |

အယူခံတရားလိုအတွက်။ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝေဝေရီ

အယူခံတရားပြိုင်အတွက်။ တရားလွှတ်တော်ရှေ့နေ ဒေါ်သိန်းသိန်းလှ

<u>စီရင်ချက်</u>

ရက်စွဲ၊ ၂၀၁၉ ခုနှစ် မေလ ၂၈ ရက်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ စမ်းချောင်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၆/၂၀၁၇တွင် တရားလို ဒေါ်ဆိုင်းမိုင်အောင် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ဒေါင်းညွယ်) က တရားပြိုင် ဦးမြင့်အေးနှင့် ဦးနေလင်းအောင်တို့အပေါ် "ပုဇွန်ကန်မွေးမြူရေးအတွက် ရယူထားသောငွေနှင့် အကျိုးအမြတ်ရလိုမှု" စွဲဆိုရာ စမ်းချောင်းမြို့နယ်တရားရုံးက ၂၄-၁-၂၀၁၄ ရက်နေ့တွင် တရားလို၏အဆိုလွှာအား စရိတ်နှင့်တကွ ပလပ်ခဲ့သည်။ ယင်းစီရင်ချက်နှင့်ဒီကရီကို မူလရုံးတရားလို ဒေါ်ဆိုင်းမိုင်အောင် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ဒေါင်းညွယ်)က ကျေနပ်မှုမရှိသဖြင့် အယူခံဝင်ရောက်ခြင်းဖြစ်သည်။

တရားလို ဒေါ်ဆိုင်းမိုင်အောင်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဒေါင်းညွယ်)က အဆိုလွှာတွင် (၁)တရားပြိုင်မှာ (၂) တရားပြိုင်၏ဖခင်ဖြစ်ပြီး၊ (၂)တရားပြိုင်မှာ သူငယ်ချင်းများဖြစ်၍ ခင်မင်ရင်းနှီးကြောင်း၊ တရားပြိုင်များမှ ပုဇွန်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လိုကြောင်း၊ တရားလိုမှ ငွေစိုက်ထုတ်၍ တရားပြိုင်များက ကျွမ်းကျင်မှုနှင့် လုပ်အားကို စိုက်ထုတ်မည်ပြောပြီး ၂၈.၅.၂၀၁၆ ရက်စွဲပါ သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း၊ တရားလိုက ၂၈.၅.၂၀၁၆ ရက်နေ့မှ ၂.၂.၂၀၁၇ ရက်နေ့အထိ ပုဇွန်မွေးမြူရန်နှင့် ပုဇွန်စာ ဝယ်ယူရန် လုပ်ငန်းသုံးငွေကျပ် ၇၈၀၀၀၀၀/ တိတိ ပေးအပ်ခဲ့ကြောင်း၊ တရားပြိုင်များက ကတိစာချုပ်အတိုင်း လစဉ်ရှင်းတမ်း ပေးပို့ခြင်းမရှိသည့်ပြင် အရင်းဖြစ်စေ၊ အကျိုးအမြတ်ဖြစ်စေ ငွေတစ်ပြားတစ်ချပ်မျှ ပေးအပ်ခဲ့ခြင်းမရှိကြောင်း၊ တရားပြိုင်များ ကတိပျက်ကွက်ခဲ့သည့်

"မိတ္တူမှန်"

( )

တရားခွင်စာရေး

အတွက် တရားလိုမှ အကြိမ်ကြိမ်တောင်းခံခဲ့သော်လည်း တရားပြိုင်များမှ ငြင်းဆိုသဖြင့် ငွေတစ်လုံးတစ်ခဲတည်း ပြန်မပေးပါက တရားစွဲဆိုမည်ဖြစ်ကြောင်းပြောသည့်အခါ ၂၀.၉.၂၀၁၇ ရက်နေ့တွင် ငွေကျပ် ၁၄၅၀,၀၀၀/ နှင့် ၂၂.၉.၂၀၁၇ ရက်နေ့တွင် ၅၀၀,၀၀၀/ တို့ကို ဘဏ်မှတဆင့် ပေးပို့ခဲ့ကြောင်း၊ ကျန်ငွေ ၅၈၅၀,၀၀၀/ကျပ် နှင့်နစ်နာကြေး ၄၁၅၀,၀၀၀/ ကျပ်ကို တရားပြိုင်များထံမှရထိုက်ကြောင်း အဆိုပြုဖော်ပြထားသည်။

တရားပြိုင်များကပုဇွန်မွေးမြူရေးလုပ်ငန်းကို(၁)တရားပြိုင်ကယခင်ကတည်းက လုပ်ကိုင်ကြောင်း၊ တရားလိုကငွေထည့်ဝင်လိုကြောင်းပြောပြီး (၂)တရားပြိုင်နှင့် တရားလိုတို့ သဘောတူညီခဲ့ကြကာ၊ ၂၈.၅.၂၀၁၆ ရက်စွဲပါ စာရွက်စာတမ်းကို (၁)တရားပြိုင် လက်မှတ်မပါဘဲ ပြုလုပ်ခဲ့ကြောင်း၊ အသိသက်သေများ မျက်နှာစုံညီပြုလုပ်ခဲ့သော စာချုပ်မဟုတ်ကြောင်း၊၂၈.၅.၂၀၁၆ ရက်စွဲပါ စာရွက်စာတမ်းအရ လုပ်ငန်းသုံးငွေ ၇၈၀၀၀၀၀/ ကျပ် ပေးအပ်ခဲ့ခြင်းမဟုတ်မှန်ကြောင်း၊ ကတိစာချုပ်ပါအတိုင်း တရားလိုက ဆောင်ရွက်ခဲ့ခြင်းမရှိ၍တရားပြိုင်များကလည်းလိုက်နာရန်တာဝန်မရှိကြောင်း၊(၂)တရားပြိုင်သို့ တရားလိုက ပေးခဲ့သောငွေများသည် နှုတ်ကတိဖြင့်ပေးခဲ့ခြင်းဖြစ်ပြီး၊ လုပ်ငန်းမအောင်မြင်ဘဲ ရှုံးနိမ့်သဖြင့် အရှုံးကို အတူခံစားရမည်ဖြစ်သော်လည်း၊ တရားလိုကထည့်ဝင်ငွေများ ပြန်လည်တောင်းခံခြင်းဖြစ်ကြောင်း၊ တရားလိုက တရားစွဲမည်ဆို၍ တရားမစွဲလျှင် ထည့်ဝင်ငွေကို အခင်အမင်မပျက်စေရန် လူမှုရေးအရ ပြန်လည်ပေးအပ်ခဲ့ကြောင်း၊ ၂၀.၉.၂၀၁၇ ရက် နေ့တွင် ငွေကျပ် ၁၄၅၀,၀၀၀/နှင့် ၂၂.၉.၂၀၁၇ ရက်နေ့တွင် ၅၀၀,၀၀၀/ တို့ကို ဘဏ်မှတဆင့် ပေးပို့ခဲ့ကြောင်း၊ထည့်ဝင်ငွေကိုဆက်လက်ပေးမည်ဟု အကြောင်းကြားစာပေးပို့၍ ပေးနေစဉ်မှာပင် ယခုအမှုကို စွဲဆိုခဲ့ကြောင်း၊ တရားလို တောင်းဆိုသော သက်သာခွင့် မရထိုက်ပါသဖြင့် အဆိုလွှာကို စရိတ်နှင့်တကွပလပ်သင့်ကြောင်း ချေပဖော်ပြထားသည်။

နှစ်ဖက်အဆိုအချေများအရ မူလမြို့နယ်တရားရုံးက အောက်ပါငြင်းချက်များကို ထုတ်နှုတ်ခဲ့သည်။

(၁) တရားလိုသည် ၂၈.၅.၂၀၁၆ ရက်စွဲပါ နှစ်ဦးသဘောတူ ကန်မွေးမြူရေးကတိစာချုပ်အရ ငွေကျပ် ၇၈ သိန်းကို တရားပြိုင်များအား ပေးအပ်ခဲ့သည် ဆိုသည်မှာ မှန်သလား။

(၂) တရားပြိုင်များသည် ၂၈.၅.၂၀၁၆ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ် အား လိုက်နာရန် တာဝန်ရှိပြီး၊ အဆိုပါစာချုပ်အား ဖောက်ဖျက်ကျူးလွန်ခဲ့သည်မှာ မှန်သလား။

(၃) တရားလိုသည် မည်သည့်သက်သာခွင့်ကို ရထိုက်သနည်း။

မူလစမ်းချောင်းမြို့နယ်တရားရုံးကငြင်းချက်(၁)အား တရားလိုသည် လုပ်ငန်းသုံးငွေအဖြစ်ငွေ ၇၈ သိန်းထည့်ဝင်ခဲ့သည်မှာ မှန်ကန်ကြောင်းဖြေဆိုပြီး၊ ငြင်းချက်အမှတ် (၂) နှင့်စပ်လျဉ်း၍ ၂၈.၅.၂၀၁၆ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်အား တရားလိုနှင့် (၁)တရားပြိုင်တစ်ဦးတည်းသာလိုက်နာရန် တာဝန်ရှိပြီး၊ အဆိုပါစာချုပ်အား တရားပြိုင်များ

ဘက်မှ ဖောက်ဖျက်ကျူးလွန်ခဲ့သည်မှာမမှန်ကြောင်း ဖြေဆိုကာ၊ ငြင်းချက် အမှတ်(၃)နှင့် စပ်လျဉ်း၍ တရားလို၏အဆိုလွှာအား စရိတ်နှင့်တကွ ပလပ်ခဲ့သည်။

အယူခံတရားလိုမှ လျှောက်လဲတင်ပြရာတွင်မူလရုံးမှ ငြင်းချက်အမှတ်(၁) အားဖြေဆိုရာတွင် (၂၈-၅-၂၀၁၆) ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ် သက်သေခံ(ခ)အရ အယူခံတရားလိုမှ အယူခံတရားပြိုင်တို့အား မည်ကဲ့သို့ မည်သူအားအလီလီ ပေးခဲ့ကြောင်း ပေါ်ပေါက်ခြင်းမရှိပေဟုဖော်ပြချက်သည် မှားယွင်းနေပြီးအယူခံတရားလိုမှ အယူခံတရားပြိုင်များအားငွေကျပ် ၇၈သိန်းပေးခဲ့ကြောင်း၊ သက်သေခံ (ဂ)အရပေါ်ပေါက်လျက်ရှိကြောင်း၊ အယူခံတရားပြိုင်များ၏ငွေအလီလီထုတ်ယူစဉ် လက်မှတ်ရေးထိုးကာ ငွေများလက်ခံရယူကြောင်းပေါ်ပေါက်ပါလျက် မူလရုံးမှငွေများ အလီလီပေးခဲ့ကြောင်း အမှုတွဲတွင် ပေါ်ပေါက်ခြင်း မရှိဟု သုံးသပ်ဆုံးဖြတ်ချက်သည် အကြောင်းခြင်းရာအရ လွဲမှားနေသည်မှာ မြင်သာထင်ရှားနေပါကြောင်း၊ အယူခံတရားပြိုင်၊ အယူခံ တရားပြိုင်ပြသက်သေများ ထွက်ဆိုချက်များနှင့်(၂၈-၅-၂၀၁၆)ရက်စွဲပါစာချုပ် လုပ်ငန်းစဉ်အပိုဒ်-၃အရ ကုန်ကျစရိတ်ရှင်းတမ်းများအား လစဉ်ကုန်ကျစရိတ်ထုတ်သူ ဦးမြင့်အေးမှ အယူခံတရားလိုသို့ ပေးပို့ပါမည်ဟု ပါရှိသော်လည်း လိုက်နာခြင်းမရှိကြောင်းတွေ့ရှိရသော်လည်း၊ မူလရုံးကသုံးသပ်ခြင်းမရှိဘဲ၊ အယူခံတရားပြိုင်များဘက်မှ စာချုပ်ဖောက်ဖျက်ကျူးလွန်ခြင်းမရှိကြောင်း ဖြေဆိုခဲ့ခြင်းသည် မှားယွင်းနေသဖြင့် အယူခံရုံးမှပြင်ဆင်တည့်မတ်ပေးသင့်ပါကြောင်း၊ မူလရုံးသည် နှစ်ဖက်သက်သေထွက်ဆိုချက်များအပြင် အယူခံတရားပြိုင်၏ ချေပလွှာအပိုဒ်-၆တွင် ဝန်ခံထားသည့်အချက်နှင့်ပတ်သက်၍ ထည့်သွင်းသုံးသပ်ထားခြင်းမရှိဘဲ၊ တရားလိုသည် (၁)တရားပြိုင်နှင့်နည်းတူ (၂၈-၅-၂၀၁၆) ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်အား လိုက်နာရန် တာဝန်ရှိခြင်း၊ ထိုကတိစာချုပ်နှင့်အညီ ငွေကျပ်သိန်း ၁၀၀ ထည့်သွင်းခဲ့မှုမရှိခြင်း၊ အဆိုပါ လုပ်ငန်းအရှုံးပေါ်မှုအတွက် စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အကျိုးအမြတ်မပေးနိုင်ခဲ့သည်မှာ ပေါ်ပေါက်သည့်အတွက် တရားလို၏ဆိုလွှာအားပလပ်ခဲ့ခြင်းသည် ဥပဒေအရ လည်းကောင်း၊အမှုတွဲပေါ်ပေါက်ချက်အရလည်းကောင်း လွဲမှားစွာသုံးသပ်ဆုံးဖြတ်ထားသဖြင့် ပြင်ဆင်တည့်မတ်ပေးသင့်ပါကြောင်း၊ သက်သေခံ(ခ)နှင့်သက်သေခံ(၃)စာချုပ်များအရ လည်းကောင်း၊ အယူခံတရားပြိုင်များ၏ချေလွှာနှင့် (၁)အယူခံတရားပြိုင် ဦးမြင့်အေးအားပြန်လှန်စစ်မေးချက်အရလည်းကောင်း အယူခံတရားလိုထံမှ အယူခံတရားပြိုင်များကငွေကျပ် ၇၈ သိန်းရယူထားကြောင်း အငြင်းမပွားပေါ်ပေါက်ပါကြောင်း၊ အယူခံတရားလိုသို့ ပြန်လည်ပေးဆပ်ငွေ ၁၉၅၀,၀၀၀ ကျပ်ရှိကြောင်းလည်းအငြင်းမပွားပေါ်ပေါက်နေသဖြင့် ရရန်ကျန်ငွေမှာ ၅၈၅၀,၀၀၀/ ကျပ်ဖြစ်ကြောင်းပေါ်ပေါက်ပြီး၊ အယူခံတရားလိုတောင်းဆိုသောနစ်နာကြေးလည်းရထိုက်ပါကြောင်း၊သို့ဖြစ်၍ စမ်းချောင်းမြို့နယ်တရားရုံး၏ (၂၄-၁-၂၀၁၉) ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအားပယ်ဖျက်ပြီး၊ အယူခံတရားလိုတောင်းဆိုသည့် ပုဇ္ဇန်ကန်မွေးမြူရေးအတွက် ရယူထားသောငွေနှင့်အကျိုးအမြတ်ရထိုက်ခွင့်ရှိကြောင်း အမိန့်တစ်ရပ်ချမှတ်ပေးပါ ရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေမှ လျှောက်လဲတင်ပြရာတွင် သက်သေခံ(ခ) (သို့မဟုတ်)သက်သေခံ(၃)မူရင်းစာချုပ်များတွင်တရားလိုနှင့်တရားပြိုင်တို့အမည်နှင့်မှတ်ပုံတင်များသာရေးပြီး၊ လက်မှတ်ရေးထိုးခြင်းမရှိကြောင်းနှင့်သက်သေများလည်းမပါရှိသည်ကို သက်သေခံ(၃)စာချုပ်တွင် ထင်ရှားစွာမြင်တွေ့နိုင်ပါကြောင်း၊ သို့ဖြစ်၍ သက်သေခံ(ခ) (သို့မဟုတ်) သက်သေခံ(၃)စာချုပ်ပါအတိုင်း တရားလိုမှလိုက်နာဆောင်ရွက်ခြင်းရှိသည့်အပြင် ၎င်းစာချုပ် ချုပ်ဆို၍ စာချုပ်အရငွေပေးဆပ်ခြင်းမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားပါကြောင်း၊ အဆိုပါ စာချုပ်အရ မူလရုံးတရားပြိုင်များက မူလရုံးတရားလိုထံမှ ငွေကျပ် (၇၈)သိန်းကို ရယူထားခြင်းမဟုတ်ကြောင်း၊ လူမှုရေးအရ ငွေအချို့ကို ပြန်လည်ပေးဆပ်

"မိတ္တူမှန်"
( [signature] )
တရားခွင်စာရေး

ပါလျှက် တရားစွဲဆိုခံရ၍ များစွာနစ်နာပါကြောင်း၊ အယူခံတရားပြိုင်၏ ရှေ့နေက အထက်ပါ အကြောင်းများကြောင့် အယူခံမှုကို ပလပ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲအားစိစစ်ကြည့်ရာ သက်သေခံ "ခ"နှင့် သက်သေခံ "၃" အဖြစ် တင်ပြထားသည့် ၂၈.၅.၂၀၁၆ ရက်စွဲပါ နှစ်ဦးသဘောတူ ကန်မွေးမြူရေး ကတိစာချုပ်(၂) စောင်တွင် ပုဇွန်ကန်ပိုင်ရှင် ဦးမြင့်အေးနှင့် ငွေအရင်းအနှီးမြှုပ်နှံသူ မဆိုင်းမိုင်အောင်တို့၏အမည်ကို ဖော်ပြထားသော်လည်း သက်သေခံ "၃" ကတိစာချုပ်တွင် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးထားခြင်းမရှိပေ။ သက်သေခံ "ခ" ကတိစာချုပ်တွင် မဆိုင်းမိုင်အောင် တစ်ဦးတည်းကသာ လက်မှတ် ရေးထိုးထားသည်ကို တွေ့ရသည်။

သက်သေခံ "ဂ"အဖြစ်တင်ပြထားသည့်စာအုပ်တွင် ၂၈.၅.၂၀၁၆ မှ ၂.၂. ၂၀၁၇ ရက်နေ့အထိ ပုဇွန်မျိုးဝယ်ရန်အတွက်ငွေ (၇၈)သိန်းကို (၁၀) ကြိမ်ခွဲ၍ ပေးထားကြောင်း ဖော်ပြထားသည်ကိုတွေ့ရသည်။သက်သေခံ "ဂ"တွင် တရားပြိုင်နေလင်းအောင်က လက်မှတ် ရေးထိုးလက်ခံထားသည်ကို တွေ့ရသည့်ပြင် တရားပြိုင် ဦးမြင့်အေးကလည်း ရေးထိုးထား သည့် လက်မှတ်များမှာ တရားပြိုင်များ၏ လက်မှတ်ဖြစ်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။ သို့ဖြစ်၍ တရားပြိုင်များက တရားလိုထံမှ ငွေကျပ် ၇၈၀၀,၀၀၀/ ကို လက်ခံရယူခဲ့ကြောင်း ထင်ရှားပေါ်ပေါက်နေပေသည်။

တရားပြိုင် ဦးမြင့်အေးက မဆိုင်းမိုင်အောင်ထံသို့ သက်သေခံ "ဃ" ဖြင့် ငွေ ၁၄၅၀,၀၀၀/ ကျပ်ကို လည်းကောင်း၊ တရားပြိုင် နေလင်းအောင်က မဆိုင်းမိုင်အောင် ထံ သို့ သက်သေခံ "ဃ-၁" ဖြင့် ငွေ ၅၀၀,၀၀၀/ကျပ်ကို လည်းကောင်း ငွေလွှဲပေးပို့ထားသည် ကို တွေ့ရသည်။

အထက်ပါ တွေ့ရှိချက်များအရ တရားပြိုင်များသည် တရားလိုထံမှ ငွေကျပ် (၇၈)သိန်းကို လက်ခံရယူခဲ့ကြောင်း ထင်ရှားပြီး၊ သက်သေခံ "ဃ"နှင့် "ဃ-၁" တို့ဖြင့် ငွေကျပ် ၁၉၅၀,၀၀၀/ ကျပ်ကို ပြန်လည်ပေးအပ်ပြီးဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်နေ ပေသည်။ သို့ဖြစ်၍ တရားပြိုင်များသည် တရားလိုသို့ ငွေ ၅၈၅၀,၀၀၀/ ကျပ်ကို ပြန်လည် ပေးဆပ်ရန် ကျန်ရှိနေကြောင်းသုံးသပ်တွေ့ရှိရသည်။ အကျိုးအမြတ်နှင့်စပ်လျဉ်း၍ မည်သည့် အတွက် ရထိုက်ခွင့်ရှိကြောင်း ထောက်ခံထွက်ဆိုချက် မတွေ့ရှိရပေ။ သို့ဖြစ်၍ အကျိုးအမြတ် ငွေကို ခွင့်ပြုရန်မသင့်ဟု သုံးသပ်ရရှိသည်။

မူလမြို့နယ်တရားရုံးက သက်သေခံ "ဂ"နှင့် "ဃ" "ဃ-၁" တို့အရ တရားပြိုင်များက တရားလိုသို့ ငွေ ၅၈၅၀,၀၀၀/ ကျပ်ကို ပေးဆပ်ရန် ကျန်ရှိနေသည်ကို ထည့်သွင်းသုံးသပ်ခြင်းမရှိဘဲ တရားလို၏ အဆိုလွှာအား စရိတ်နှင့်တကွ ပလပ်ခြင်းမှာ မှန်ကန်မှုတခြင်းမရှိသဖြင့် ၎င်းဆုံးဖြတ်ချက်အပေါ် ပြင်ဆင်တည့်မတ်သင့်ကြောင်း သုံးသပ် ရရှိသည်။

အထက်တွင်ဖော်ပြခဲ့သောသုံးသပ်တွေ့ရှိချက်များအရ စမ်းချောင်းမြို့နယ် တရားရုံး၏ ၂၄-၁-၂၀၁၉ ရက်နေ့က ချမှတ်ခဲ့သော စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး၊ အယူခံတရားပြိုင်များက အယူခံတရားလိုသို့ ပုဇွန်ကန်မွေးမြူရေးအတွက် ရယူထားသည့်

တရားမအယူခံမှုအမှတ် ၇/၂၀၁၉



ငွေကျပ် ၇၈၀၀,၀၀၀/ အနက်မှ ပေးရန်ကျန်ငွေ ၅၈၅၀,၀၀၀ ကျပ် ကို စရိတ်နှင့်တကွ ပြန်လည်ပေးဆပ်စေရန် အမိန့်ချမှတ်လိုက်သည်။

ရှေ့နေခ ၁၀၀၀၀ ကျပ်သတ်မှတ်သည်။

(အုန်းရီမြင့်)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

"မိတ္တူမှန်"
( )
တရားခွင်စာရေး